ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၉ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

## အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အကောက်ခွန်အဖွဲ့အစည်းများ၏ အကြီးအကဲများအတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးမူဝါဒဆိုင်ရာဖိုရမ်သို့ ပါဝင်တက်ရောက်




အကောက်ခွန်အဖွဲ့အစည်းများ၏ အကြီးအကဲများအတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးမူဝါဒဆိုင်ရာဖိုရမ် (Trade Facilation Policy Forum for the Heads of the Customs Administrations) ကို ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့ ရှိ Sofitel Ambassador Seoul ဟိုတယ်၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက် အထိ ကျင်းပခဲ့သည်။

အဆိုပါဖိုရမ်သို့ မြန်မာနိုင်ငံမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ် (၂) ဦး၊ ကိုရီးယားသမ္မတနိုင်ငံ မှ Commissioner ဦးဆောင်သည့် ကိုယ်စားလှယ် (၁၁) ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မှ National Board of Revenue, Chairman ဦးဆောင်သည့် ကိုယ်စားလှယ် (၂) ဦး၊ ကမ္ဘောဒီးယားနိုင်ငံ မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ် (၅) ဦး၊ အိန္ဒိယနိုင်ငံ မှ Central Board of Indirect Taxes and Customs , Chairman ဦးဆောင်သည့် ကိုယ်စားလှယ် (၂) ဦး၊ အင်ဒိုနီးရှားနိုင်ငံ မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ် (၂) ဦး၊ လာအိုနိုင်ငံ မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ် (၂) ဦး နှင့် မလေးရှားနိုင်ငံ မှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ် (၄) ဦး ပါဝင် တက်ရောက်ခဲ့ကြသည်။







ဖိုရမ်ကို ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်တရားမဝင်ဆေးဝါးနှင့်မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုများတားဆီးတိုက်ဖျက်ရေးအတွက် ကျင့်သုံးနေသည့်နည်းလမ်းများ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်များ၊ နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှုနှင့်ပတ်သက်သည့် အလေ့အကျင့်ကောင်းများကို မျှဝေဆွေးနွေးပြီး အမြင်ချင်းဖလှယ်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါသည်။

နိုဝင်ဘာ ၂၂ ရက် တွင် ဖိုရမ်ကို စတင်ကျင်းပရာ ဖိုရမ်၌ ကိုရီးယားအကောက်ခွန် Commissioner က အဖွင့်အမှာစကား ပြောကြားသည်။

ဖိုရမ်တွင် ကိုရီးယားအကောက်ခွန်အကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ ကိုရီးယားနှင့်ကမ္ဘောဒီးယားအကောက်ခွန်အဖွဲ့အစည်းများအကြား၊ ကိုရီးယားနှင့်အင်ဒိုနီးရှားအကောက်ခွန်အဖွဲ့အစည်းများအကြား၊ ကိုရီးယားနှင့်လာအိုအကောက်ခွန်အဖွဲ့အစည်းများအကြား သီးသန့်တွေ့ဆုံဆွေးနွေးခြင်း၊ တရားမဝင်ဆေးဝါးနှင့်မူးယစ်ဆေးဝါးများတားဆီးထိန်းချုပ်နိုင်ရေးအတွက် အကောက်ခွန်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ကိုရီးယားအကောက်ခွန်နှင့်ထိုင်းအကောက်ခွန်ပူးပေါင်းဆောင်ရွက်မှု ၊ ကမ္ဘောဒီးယားအကောက်ခွန်၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆောင်ရွက်ချက်များနှင့်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်အကြောင်း၊ မလေးရှားအကောက်ခွန်၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆောင်ရွက်ချက်များနှင့်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်အကြောင်း၊ ကိုရီးယားအကောက်ခွန်၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်လုပ်ငန်းစဉ်များ၊ ဆုံးရှုံးနိုင်ခြေမြင့်မားသည့် သတင်းအချက်အလက်များရရှိလာပါက စီမံခန့်ခွဲမှု ပြုလုပ်ပုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ကိုရီးယားနှင့်မြန်မာအကောက်ခွန်အဖွဲ့အစည်းများအကြား သီးသန့်တွေ့ဆုံဆွေးနွေးခြင်း အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် အကောင်အထည်ဖော်ရေး အတွက် ကိုရီးယားအကောက်ခွန်မှ နည်းပညာနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာအကူအညီများ ပေးအပ်နိုင်ရေး၊ ကိုရီးယားအကောက်ခွန်၏ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှုဆိုင်ရာဥပဒေနှင့် အတွေ့အကြုံ




များ မျှဝေပေးနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၂၃ ရက် တွင် အိန္ဒိယအကောက်ခွန်၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ချက်များနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်အကြောင်း၊ ဘင်္ဂလားဒေ့ရှ်အကောက်ခွန်၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆောင်ရွက်ချက်များနှင့်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်အကြောင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ကိုရီးယားအကောက်ခွန်၏ ဒီဂျစ်တယ်နည်းပညာအသုံးပြုမှု၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ထုတ်ပေးခြင်းနှင့်သတ်မှတ်ခြင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ကိုရီးယားနှင့်အိန္ဒိယ၊ ကိုရီးယားနှင့်မလေးရှား၊ ကိုရီးယားနှင့်ဘင်္ဂလားဒေ့ရှ်အကောက်ခွန်အဖွဲ့အစည်းများအကြား သီးသန့်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မြန်မာနှင့်အိန္ဒိယအကောက်ခွန်အဖွဲ့အစည်းများအကြား သီးသန့်တွေ့ဆုံဆွေးနွေးခြင်း အစီအစဉ်တွင် တရားမဝင်ဆေးဝါးနှင့်မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုများတိုက်ဖျက်ရေးအတွက် သတင်းအချက်လက်များ တိုးမြှင့်ဖလှယ်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဂိတ်များပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်အကောက်ခွန်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကိုရီးယားအကောက်ခွန်၏ နယ်စပ်ဖြတ်ကျော် အီလက်ထရွန်းနစ်ကူးသန်းရောင်းဝယ်မှုများ ရှင်းလင်းထုတ်ပေးခြင်းလုပ်ငန်းစဉ်များ၊ လာအိုနှင့်အင်ဒိုနီးရှားအကောက်ခွန်၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆောင်ရွက်ချက်များနှင့်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြန်မာအကောက်ခွန်၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ချက်များနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်အကြောင်း ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်တွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ က မြန်မာနိုင်ငံနှင့် အကောက်ခွန်ဌာနအကြောင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘော



တူညီချက်ဆိုင်ရာဆောင်ရွက်ချက်များနှင့်အခက်အခဲများ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆောင်ရွက်နေမှုများနှင့် ရလဒ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၂၄ ရက် တွင် ပြင်ပလေ့လာရေးခရီးအဖြစ် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းရှိ Express Cargo Clearance Center ၊ ယင်းတို့ကို ထိန်းချုပ်သည့် ကိုရီးယားအကောက်ခွန်ရုံးနှင့် Incheon Songdo International City ရှိ ဆေးနှင့်ဆေးပစ္စည်းများ ထုတ်လုပ်သည့် Celltrion ကုမ္ပဏီ၏ ထုတ်လုပ်ရေးလုပ်ငန်းခွင်တို့ကို လက်တွေ့သွားရောက် လေ့လာခဲ့ကြသည်။

# ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းများ လစဉ်ပုံမှန်တွေ့ဆုံ ဆွေးနွေး ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားကျင်းပ



၂၀၂၃ ခုနှစ် စက်တင်ဘာလ နှင့် အောက်တိုဘာလအတွက် ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းများ လစဉ်ပုံမှန် တွေ့ဆုံဆွေးနွေး ဆန္ဒဖော်ထုတ်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် နံနက် (၈) နာရီခွဲ တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ က အကောက်ခွန်ဝန်ထမ်းများအား သြဝါဒ အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

# လေကြောင်းဖြင့် သယ်ယူပို့ဆောင်သည့် ကုန်စည်များအား စနစ်တကျ စစ်ဆေးဆောင်ရွက်သည့် စံပြုလုပ်ငန်းစဉ် (SOPs) အစည်းအဝေးကျင်းပ



လေကြောင်းဖြင့် သယ်ယူပို့ဆောင်သည့် ကုန်စည်များအား စနစ်တကျ စစ်ဆေးဆောင်ရွက်သည့် စံပြုလုပ်ငန်းစဉ် (SOPs) အစည်းအဝေး ကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တာဝန်ကျဌာနဆိုင်ရာများ၊ သက်ဆိုင်ရာကုန်ပစ္စည်း တင်/ချခွင့် ရရှိထားသည့် ကုမ္ပဏီများ နှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

# ပြန်လျော့အကောက်ခွန်ဖြင့် တင်သွင်းခဲ့သော ပစ္စည်းများနှင့် ပတ်သက်၍ ပြန်လည်တင်ပို့ရန်ကျန်ရှိသည့် ကုမ္ပဏီများနှင့် ညှိနှိုင်း အစည်းအဝေးကျင်းပ



ပြန်လျော့အကောက်ခွန် (Drawback) ဖြင့် တင်သွင်းခဲ့သော ပစ္စည်းများနှင့် ပတ်သက်၍ ပြန်လည်တင်ပို့ရန်ကျန်ရှိသည့် ကုမ္ပဏီများနှင့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲ တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန၊ (ရုံးချုပ်) အစည်းအဝေးခန်းမ (၂) ၌ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ကုမ္ပဏီ (၁၂) ခု မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

# (၄၅) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ







(၄၅) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစု ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက် နံနက် (၁၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် ဦးဆောင်သည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန၌ လစ်လပ်လျက်ရှိသော ပြင်ပမှ စာရေးရာထူး (အငယ်တန်းစာရေး၊ စာရင်းကိုင်-၄ နှင့် ဒုလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး) ခေါ်ယူခန့်ထားနိုင်ရေး ဆန်းစစ်စာမေးပွဲ ကျင်းပ







အကောက်ခွန်ဦးစီးဌာန၌ လစ်လပ်လျက်ရှိသော ပြင်ပမှ စာရေးရာထူး (အငယ်တန်းစာရေး၊ စာရင်းကိုင်-၄ နှင့် ဒုလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး) များအတွက် အင်္ဂလိပ်စာဘာသာရပ် နှင့် အထွေထွေဗဟုသုတဘာသာရပ် ရေးဖြေဆန်းစစ်စာမေးပွဲကို ၂၀၂၃ခုနှစ် နိုဝင်ဘာ ၂၅ ရက် က ရန်ကုန်မြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (ဗိုလ်တထောင်) ၌ နံနက် ၉ နာရီ မှ ညနေ ၃ နာရီအထိ လည်းကောင်း၊ ကွန်ပျူတာဘာသာရပ် ဆန်းစစ်ခြင်းကို ၂၀၂၃ခုနှစ် နိုဝင်ဘာ ၃၀ ရက် တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ နံနက် ၉ နာရီ မှ ၁၁ နာရီ အထိ လည်းကောင်း ကျင်းပခဲ့ရာ ဖြေဆိုခွင့်ရရှိသူ (၃၈) ဦးအနက် (၃၂) ဦး လာရောက် ဖြေဆိုခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန၌ လစ်လပ်လျက်ရှိသော ပြင်ပမှ အကောက်ခွန်ထိန်းရာထူး ခေါ်ယူခန့်ထားနိုင်ရေး ဆန်းစစ်စာမေးပွဲ ကျင်းပ





အကောက်ခွန်ဦးစီးဌာန၌ လစ်လပ်လျက်ရှိသော ပြင်ပမှ အကောက်ခွန်ထိန်းရာထူးအတွက် ရေးဖြေ ဆန်းစစ်စာမေးပွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက် က ရန်ကုန်မြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်း ကျောင်း၊ (ဗိုလ်တထောင်) ၌ နံနက် ၉ နာရီ မှ ၁၁ နာရီအထိ ကျင်းပခဲ့သည်။

အဆိုပါ ဆန်းစစ်စာမေးပွဲတွင် မြန်မာစာနှင့်အထွေထွေဗဟုသုတဘာသာရပ်တို့ကို ဖြေဆိုခွင့်ရရှိသူ (၂၀၂) ဦးအနက် (၁၇၆) ဦး လာရောက်ဖြေဆိုခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၄၉၈.၁၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီး အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ (၁) ရက် မှ (၃၀) ရက် အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု ( ၃၄၆ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် (၁၂၄၉၈.၁၁၈) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁၆-၁၁-၂၀၂၃ ရက်နေ့တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ ID-No.100265543931 (14.11.2023)၊ ကုန်သေတ္တာ (8X20’) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ Brand Name ကွဲလွဲနေသော (Ceramic Tiles) (60x60CM) (Brand–ICM) (C/O–China) (2882.88 M2) ခန့်မှန်းတန်ဖိုးကျပ် (၃၃,၂၉၈,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၄၉၈.၁၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**



(၂၉.၁၁.၂၀၂၃ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ ID No. 100266342410 (21.11.2023)၊ ကုန်သေတ္တာအမှတ်၊ ONEU 1275396 (1X40') ဖြင့်တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့၏ (Suspect) အရ ကာကွယ်ရေး၊ ထုတ်/သွင်း၊ စစရ ၊ အထူးအဖွဲ့တို့ဖြင့်ပူးပေါင်း စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော (Electronic Price Platform Scale) (Brand : Hitec) (Model : H01) (C/O- China) (300 U) အပါအဝင် ကုန်ပစ္စည်း (၂၇) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၁၂,၃၇၇,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၄၉၈.၁၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု








၂၃.၁၁.၂၀၂၃ ရက်နေ့ နံနက် ၁၁ နာရီ အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့မှ မန္တလေးမြို့အဝင်၊ မြစ်ငယ်တံတားထိပ်၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော (9M/4631) (22W) ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်တွင် အကောက်ခွန်မဲ့ပစ္စည်းများအား စစ်ဆေးတွေ့ရှိရသဖြင့် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပြီး အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော (Aluminum Frame) (C/O-China) (25000 kg) ခန့်မှန်းတန်ဖိုးကျပ် (၁၅၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (9M/4631) (ISUZU GIGA) (TractorHead) (Model-2006) (C/O-Japan) (1U) နှင့် နောက်တွဲယဉ်အမှတ် (2TLR/8489) (SemiTrailer) (1U) စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၇၁,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၄၉၈.၁၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၂၄.၁၁.၂၀၂၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ် အချိန်ခန့်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ ဘုရားကြီးမြို့အနီး ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မြဝတီမြို့ မှ ရန်ကုန်မြို့ သို့ မောင်းနှင်လာသော ယာဉ်အမှတ် (7L/9476) (12W) ယာဉ်အား အသေးစိတ်စစ်ဆေးနိုင်ရန်အတွက် ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ယူစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော (Eye–Ear Drops Sterilized) (Brand – DexOph) (1x4ml) (C/O–Thailand) (14400 U) ခန့်မှန်းတန်ဖိုးကျပ် (၁၁,၅၂၀,၀၀၀/) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (7L – 9476) (Brand – Hino)( 12W) (Model – 2005)(C/O – Japan) (1U) ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/–) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၄၉၈.၁၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု




၂၀-၁၁-၂၀၂၃ ရက်နေ့ လေဆိပ် (သွင်းကုန်) သို့ AWB NO. 23256301453 ၊ ID No. MA0231048710 (16.10.2023) ဖြင့် အိန္ဒိယနိုင်ငံ မှ ရန်ကုန်လေဆိပ်ကုန်လှောင်ရုံ သို့ တင်သွင်းလာသော ကုန်ပစ္စည်းများအား တာဝန်ကျစစ်ဆေးရေးအဖွဲ့ မှ ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသော (Mydot) (Mydopheno Late Mofetil USP 500 MG) (1X10'S/Box) (1008-U) အပါအဝင် ကုန်ပစ္စည်း (၂) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၅၆,၅၇၅,၀၀၈/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၄၉၈.၁၁၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု




၂၄-၁၁-၂၀၂၃ ရက်နေ့ တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ ID No. 100266322921 (21.11.2023)၊ ကုန်သေတ္တာအမှတ်၊ TRHU7976210 (1X40') ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား Suspect အရ (ထုတ်/သွင်း ၊ ကာကွယ်ရေး ၊ စစရ) အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော (B/N Kitchen Ware) (Stainless Steel Coated) (Pot) (6000 KG) (C/O – China) (230 CTN) ခန့်မှန်းတန်ဖိုးကျပ် (၂၂,၀၅၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။